NATIONAL DEMOCRATIC FRONT
★★★(BURMA)★★★

P.O. Box – (101), Mae sod, Tak. 63110, Tel / Fax (+ 66) 55 536 757, Email: ndfburma@hotmail.com. Blog: ndf-burma.bolgspot.com

# (၆၃)နှစ်မြောက် မွန်အမျိုးသားနေ့ သို့ ပေးပို့သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ ဂုဏ်ပြုသဝဏ်လွှာ

၂၀၁၀ ခုနှစ် ဇန်နဝါရီလ (၁၀) ရက် နေ့၊ သာသနာ သက္ကရာဇ် ၂၅၅၃ ခုနှစ် တပို့တွဲလပြည့်ကျော် (၁) ရက်နေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (၆၃) နှစ်မြောက် မွန်အမျိုးသားနေ့ အခါသမယ ဖြစ်ပေသည်။ မွန်အမျိုးသားတို့ ၏ ဤသမိုင်းဝင်နေ့မြတ် ၌ မွန်အမျိုးသားခေါင်းဆောင်ကြီးများနှင့်တကွ မွန်တိုင်းရင်းသားပြည်သူလူထု တရပ်လုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း အလေးအနက်ထားကာ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

မွန်တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ တောင်းဆိုချက်ဖြစ်သော တရားမျှတရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိရေးတို့အတွက် မွန်အာဇာနည်ခေါင်းဆောင်များ၊ ရဲဘော်ပေါင်းမြောက်များစွာ နှင့် ပြည်သူလူထုတို့သည် အသက်၊ အိုး အိမ်စည်းစိမ်မြောက်များစွာ စွန့်လွှတ်ပေးဆပ်ကာ တိုက်ပွဲဝင်ခဲ့ကြပေသည်။ ထို အာဇာနည်ခေါင်းဆောင်များကို မဒတ တပ်ပေါင်းစုမှ အစဉ် ဦးညွှတ်ဂုဏ်ပြုပါသည်။

၆၃ နှစ်ထိတိုင်အောင် မွန်အမျိုးသားထုတရပ်လုံးအတွက် ကြံ့ကြံ့ခိုင်ကာ ဆက်လက်တိုက်ပွဲဝင်လျက်ရှိနေသော မွန် အမျိုးသားခေါင်းဆောင်များ၊ မွန် အမျိုးသားရဲဘော်များနှင့် မွန်တော်လှန်ရေး သမားအပေါင်းတို့၏ ဂုဏ်ရောင်ပြောင်သော တော်လှန်ရေးစိတ်ဓါတ်ကို ဤ (၆၃) နှစ်မြောက် မွန်အမျိုးသားနေ့ အခါသမယတွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု က အထူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မွန်တိုင်းရင်းသားများသည် သမိုင်းယဉ်ကျေးမှု အစဉ်အလာကြီးမား၍သွေးစည်းညီညွှတ်မှုရှိသော လူမျိုးနွယ်တရပ် ဖြစ်ပေသည်။ မွန်၊ ဝ၊ ပလောင် ပါဝင်သော မွန်ခမာမျိုးနွယ်မှ ဆင်းသက်လာသော မွန်တိုင်းရင်းသား တို့သည် နှစ်ထောင်ပေါင်းများစွာကပင် မွန် ဘုရင်ပဒေသရာဇ်များဖြင့် ဟံသာဝတီ၊ ရာမညပြည်ကို တည်ထောင် အုပ်ချုပ်မင်းလုပ်ကာ ဘိုးစဉ်ဘောင်ဆက် အစဉ်အလာကြီးမားစွာ နေထိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ကိုယ့်ထီးကိုယ့်နန်းအခိုင်အမာရှိခဲ့သော မွန်အမျိုးသားထုတရပ်လုံး၏ တရားသောတော်လှန်ရေးတိုက်ပွဲမှာ အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိကာ မွန်အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်ကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယနေ့လက်ရှိနိုင်ငံရေးအခြေအနေအရ ဘုံရန်သူနအဖ စစ်အုပ်စုမှ ၂၀၀၈ ဖွဲ့စည်းပုံကိုအခြေခံပြီး ၂၀၁၀ ရွေးကောက်ပွဲကို တဘက်သတ်ကျင်းပရန် ကြိုးပမ်း နေပါသည်။ ထိုကဲ့သို့ စစ်အာဏာသက်တမ်းရှည်ရေးအတွက် ကြိုးပမ်းနေသည့် စစ်အုပ်စု၏ လုပ်ရပ်မှန်သမျှကို တိုင်းရင်းသား မြန်မာပြည်သူလူထုတရပ်လုံးက ပြတ်သားစွာ ဝိုင်းဝန်း ဆန့်ကျင်ကန့်ကွက် တားဆီးကြရပေမည်။

သို့ ဖြစ်၍ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသောဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေးရည်မှန်းချက်များအောင်မြင်သည်အထိ၊ သွေးစည်းညီညွှတ်မှု အစဉ်အလာကြီးမားသော မွန်နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ မွန် အမျိုးသားထုကြီးတရပ်လုံးနှင့်အတူလက်တွဲ၍ တော်လှန်ရေးလုပ်ငန်းများကို အောင်ပွဲရသည်အထိ ဆက်လက် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု က (၆၃) နှစ်မြောက် မွန်အမျိုးသားနေ့ အခါသမယ ၌ လေးနက်စွာ သန္နိဋ္ဌာန်ပြုလျှက် ဤ ဂုဏ်ပြုသဝဏ်လွှာကို လေးစားစွာ ပေးပို့အပ်ပါသည်။

**"တပ်ပေါင်းစုဖြင့် အောင်ပွဲခံရမည်"**

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ

ရက်စွဲ ။ ။ ၁၀ ရက် ဇန်နဝါရီလ ၂၀၁၀ ခုနှစ်။